# မြူနီစီပယ် ဝင်ငွေရင်းမြစ်များ

## မြန်မာနိုင်ငံ၏ မြို့ပြအုပ်ချုပ်ရေး

လာမည့် သက္ကရာဇ် ၂၀၃၀ ခုနှစ်တွင် နိုင်ငံသား ၁၀ ယောက်တွင် ၄ ယောက်သည် မြို့ပြနယ်နိမိတ်အတွင်းတွင် နေထိုင်လျက်ရှိမည်ဟု ခန့်မှန်းရပါသည်။ ထို့ကြောင့် မြူနီစီပယ်အာဏာပိုင်များသည် တိုးပွားလာသော လူဦးရေအလိုက် ပိုမိုဝန်ဆောင်မှုပေးရန် တာဝန်ရှိလာပါသည်။ ဤမြူနီစီပယ် အာဏာပိုင်များ၏ အရည်အသွေးများ တိုးတက်မြင့်မားလာပြီး ပိုမိုကောင်းမွန်သော မြို့ပြဝန်ဆောင်မှုများပေးနိုင်ခြင်းသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းလုပ်ငန်းစဉ်အတွက် လွန်စွာအထောက်အကူပြုမည်ဖြစ်ပါသည်။

စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြအုပ်ချုပ်ရေးအတွက်အဓိကတာဝန်ရှိသော အဖွဲ့အစည်းများဖြစ်သည်နှင့်အညီ အမှိုက်သိမ်းဆည်းရေး၊ မြို့ပြလမ်းများ ပြုပြင်ထိန်းသိမ်းရေး၊ မြို့ပြလမ်းမီးများ၊ စီးပွားရေးလုပ်ငန်းလိုင်စင် အစရှိသဖြင့် တာဝန်ဝတ္တရားအများအပြားရှိပါသည်။ အရေးအကြီးဆုံးအချက်မှာ ဤမြို့ပြဝန်ဆောင်မှုများအတွက် မိမိတို့ဒေသအလိုက် လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိပြီး ပြည်ထောင်စုအစိုးရမှများစွာဝင်ရောက်စွက်ဖက်ခြင်းမရှိချေ။ ထို့ကြောင့် ဗဟိုမှချုပ်ကိုင်မှုလျှော့ချခြင်းအတွက် အကောင်းဆုံးသောလက်တွေ့သာဓကတစ်ရပ်ဖြစ်သည်။

## မြူနီစီပယ် ဝင်ငွေရင်းမြစ်များ

စည်ပင်သာယာရေးအဖွဲ့များသည် ကိုယ်ပိုင်အသုံးစရိတ်အတွက် ကိုယ်ပိုင်ဝင်ငွေရှာဖွေရသည် ဆိုသော်ငြားလည်း များသောအားဖြင့် ပြည်နယ်နှင့်တိုင်း အစိုးရထံမှ ထောက်ပံ့ငွေကိုလည်း လိုအပ်ပါသည်။ ဥပမာ - တနင်္သာရီတိုင်းဒေသကြီး အသုံးစရိတ်၏ ၅၆ ရာခိုင်နှုန်းကို မိမိကိုယ်ပိုင်ရှာဖွေငွေမှ သုံးစွဲနိုင်ခဲ့ ပါသည်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဝင်ငွေရင်းမြစ် ၄ မျိုးရှိသည်။

ပုံမှန်လုပ်ငန်းလိုင်စင်များ – စီးပွားရေးလုပ်ငန်းများသည် စည်ပင်သာယာရေးဌာနမှ လုပ်ငန်းခွင့်ပြုချက်လိုင်စင်ကို လျှောက်ထားရသဖြင့် လိုင်စင်ကြေးရရှိသည်။

တင်ဒါကြေးများ - အချို့ စည်ပင်သာယာရေးအဖွဲ့များသည် အရပ်ရပ်အခွင့်အရေးလိုင်စင်များအတွက် တင်ဒါခေါ်ရသဖြင့် တင်ဒါကြေးများ ရရှိသည်။

ဒဏ်ကြေးများ – စည်ပင်သာယာရေးအဖွဲ့များ၏ အုပ်ချုပ်မှုအောက်တွင်ရှိသော စည်းမျဉ်းဥပဒေများကို ချိုးဖောက်မှုများအတွက် သက်ဆိုင်ရာဒဏ်ကြေးများလည်း ရရှိသည်။

အခကြေးငွေနှင့်အခွန်များ – စည်ပင်သာယာရေးအဖွဲ့များမှ အမှိုက်သိမ်းဆည်းခြင်းကဲ့သို့သော မြူနီစီပယ်ဝန်ဆောင်မှုများအတွက် အခကြေးငွေကောက်ခံပြီး ပစ္စည်းခွန်နှင့်ဘီးခွန်ကဲ့သို့ အခွန်များမှလည်း ဝင်ငွေရရှိသည်။

အောက်ဖော်ပြပါဇယားသည် ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာနှစ်အတွက် ဝင်ငွေရင်းမြစ်များကို ခွဲခြမ်းစိတ်ဖြာထားခြင်းပင်ဖြစ်ပါသည်။




## မြူနီစီပယ်အုပ်ချုပ်ရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး

စည်ပင်သာယာရေးအဖွဲ့များသည် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအတွက် ရှေ့တန်းတိုက်စစ်မှူးများပင် ဖြစ်သည်။ မိမိကိုယ်တိုင် ဝင်ငွေရှာဖွေရခြင်းနှင့် မြို့ပြဝန်ဆောင်မှုများစွာကို ဖြည့်ဆည်းပေးရခြင်းတို့ကြောင့် ဖြစ်သည်။

လက်ရှိအနေအထားအရ လိုင်စင်ကြေးများနှင့် ဒဏ်ကြေးငွေများအပေါ်တွင် ဝင်ငွေအတွက် မှီခိုနေရခြင်းသည် ရေရှည်အတွက် မလျော်ကန်လှပါ။ ထိုဝင်ငွေရင်းမြစ်များသည် ဒေသစီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်စေတတ်သောကြောင့်ဖြစ်ပါသည်။ Renaissance Institute ၏ အကူအညီဖြင့် အချို့သော မြန်မာနိုင်ငံရှိမြို့များ၌ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် ဝင်ငွေနည်းလမ်းအမျိုးမျိုးကို ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းလျက်ရှိကြရာ ပစ္စည်းခွန်သည် ယုံကြည်စိတ်ချရမှုအရှိဆုံး မြူနီစီပယ် ဝင်ငွေရလမ်းဖြစ်နိုင်သည်ဟု သုံးသပ်ထားပါသည်။

မြူနီစီပယ်ဝင်ငွေရလမ်းအသစ်များကို ရှာဖွေဖော်ထုတ်နိုင်ရေးသည် လွန်စွာအရေးပါလှသည်မှာ မြို့ပြဝန်ဆောင်မှုများကို စည်ပင်သာယာရေးအဖွဲ့များက ပိုမိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။ သို့မှသာ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးလုပ်ငန်းစဉ်ကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ပံ့ပိုးကူညီနိုင်မည်ဖြစ်ပါသည်။